# အာဒ်ဝင်တူးကာလ တတိယတနင်္ဂနွေနေ့

ရှင်မာတေဦး ၁၁း ၂ - ၁၁

လောကထဲမှာ ဘက်ပေါင်းစုံ ဒုက္ခရောက်နေကြတယ်။ စိတ်ဒုက္ခ၊ ငွေရေးကြေးရေးဒုက္ခ၊ မီးဘေးစစ်ဘေးငလျင်ဘေးဒုက္ခတွေ ခံနေရတဲ့အကြားမှာ ဘာကိုဘယ်လိုမျှော်လင့်နိုင်ကြမှာလဲ။ အာဒ်ဝင်တူးကာလက ကျနော်တို့ကို မျှော်လင့်စေပါတယ်။ ဘဝမှာ စိတ်ဓါတ်ကျတော့မယ်ဆိုရင် ပြန်သတိထားကြပါ။ ငါတို့မှာ အမြဲတမ်း မျှော်လင့်ချက်ကြီးတယ်။ ဟုတ်တယ်၊ မျှော်လင့်ချက်မရှိရင်လည်း သေရုံပဲကျန်ပါတော့တယ်။ မျှော်လင့်ချက်ရှိမှ ဘဝမှာ ရည်ရွယ်ချက်ရှိရှိ အသက်ရှင်နိုင်တော့မှာပေါ့။ ကျနော်တို့ ခရစ်ယာန်တွေကိုယ်တိုင်က မျှော်လင့်ချက်ကြီးမှ သူတစ်ပါးတွေကိုလည်း မျှော်လင့်ချက် ပေးနိုင်တော့မှာပေါ့။

ယနေ့ ကျမ်းစာမှာ အားငယ်နေတဲ့သူတွေကို အားပေးထားတယ်။ ဒါနဲ့ စကားဖြတ်ပြီးပြောချင်တာက ကျမ်းစာစကားဟာ သေချာပေါက်မှန်တဲ့စကားတွေ ဖြစ်ပါတယ်။ လူတွေ အားတက်အောင်လို့ ကြားကောင်းတဲ့စကားအလှတွေနဲ့ မဟုတ်ကဟုတ်က မျှော်လင့်ချက်အမှားတွေ ပေးနေတာ မဟုတ်ပါဘူး။ သေချာပေါက် သင့်ဆီရောက်လာမည့် မျှော်လင့်ချက်တွေ ဖြစ်ပါတယ်။ သင့်အတွက် ဘုရားက စီစဉ်ထားတဲ့မျှော်လင့်ချက်တွေ ဖြစ်ပါတယ်။ ယနေ့ ပထမကျမ်းစာမှာ "ငါတို့ဘုရားသခင်၏ဘုန်းဂုဏ်တော်ကို မြင်ကြရလိမ့်မည် တဲ့ (မျှော်လင့်ချက်ပေးနေတယ် ဆက်ဖတ်ကြည့်ရင်) ချိနဲ့နေသောလက်တို့ ခွန်အားယူကြလော့၊ တုန်လှုပ်နေသောဒူးတို့ မြဲမြံစေကြလော့။ အားယူကြလော့၊ မကြောက်ကြနှင့်ဟု ကြောက်တတ်သောသူတို့အား ဆိုကြလော့။ အကြောင်းမူကား သင်တို့ဘုရားသခင်သည် မကောင်းမှုအား ဒဏ်ခတ်ခြင်း၊ ထိုက်သင့်သည့်အတိုင်း ပြန်လျော်စေခြင်းတို့ဖြင့် ဘုရားသခင်ကိုယ်တော်တိုင်ကြွလာ၍ သင်တို့ကို ကယ်တင်တော်မူလိမ့်မည်" တဲ့။ ဒီကျမ်းစာအရ ဘုရားသခင်က သေချာပေါက် ကြွလာမယ်၊ ကမ္ဘာကုန်လို့ ကြွလာတာပဲဖြစ်ဖြစ်၊ ကျနော်တို့ နေရတဲ့သက်တမ်းကုန်လို့ ကျနော်တို့က သေကြပြီး ဘုရားရှေ့တော်ကို ရောက်သွားတာပဲဖြစ်ဖြစ် တစ်နေ့ ဘုရားနဲ့ ဆုံရမယ်။ အဲဒီအခါ ကျနော်တို့ မျှော်လင့်နေတဲ့တရားမျှတခြင်း ရရှိမယ်။ ကျမ်းစာထဲမှာ ရေးထားသလို <u>**မကောင်းမှုအား ဒဏ်ခတ်ခြင်း**</u> တဲ့။ ကျနော်တို့ကို မတရားအနိုင်ကျင့်ခဲ့တဲ့သူတွေ ဒဏ်ခတ်ခံရမယ် သေချာတယ်။ ဒါ့အပြင် ကျမ်းစာထဲ ဆက်ရေးထားတာက <u>**ထိုက်သင့်သည့်အတိုင်း ပြန်လျော်စေခြင်း**</u> တဲ့။ ဆိုလိုတာက ခိုးခဲ့၊ ဓါးပြတိုက်ခဲ့၊ ပြန်ပေးဆွဲခဲ့လို့ ရခဲ့တဲ့ဥစ္စာတွေကို ပြန်လျော်စေမယ် တဲ့၊ ပြောချင်တာက ကိုယ်လုပ်ခဲ့တဲ့အတိုင်း ကိုယ်ပြန်ခံရမယ် တဲ့။ ကျမ်းစာထဲမှာ ယေဇူဘုရားရှင် မိန့်တော်မူခဲ့တဲ့ အချင်းချင်းမခွင့်လွှတ်တဲ့ဘဏ္ဍာစိုး ပုံဥပမာမှာ မိန့်တော်မူထားတဲ့ နောက်ဆုံးစာသားလေး၊ ဘဏ္ဍာစိုးကို ထောင်ထဲချပြီး မိန့်တော်မူလိုက်တာက "နောက်ဆုံးပေးဆောင်ရမည့်ငွေကို အကုန်အစင်မပေးမချင်း ထောင်ထဲက မထွက်ရဟု မိန့်တော်မူ၏ တဲ့။ ကျနော်ပြောချင်တာက အခုလောကမှာ လုပ်ချင်ရာကိုလုပ်ပြီး မတရားသောင်းကျန်းနေတဲ့သူတွေ၊ လုယက်နေတဲ့သူတွေ မင်းတို့လုယက်သမျှ၊ လုပ်ခဲ့သမျှကို မင်းတို့ သေချာပေါက် ပြန်ခံရမယ်၊ တူသောအကျိုးအတိုင်း ပြန်ပြီး ဘုရားပေးတဲ့ဒဏ် ခံရမယ်။ ဝဋ်လည်မယ်

သေချာတယ်။

ဒီလိုပဲ လောကမှာ မတရားခံခဲ့ရတဲ့သူတွေက ဘုရားကပေးမယ့်ကောင်းကျိုးတွေ ခံစားရမယ်တဲ့။ ပထမကျမ်းစာကို ဆက်ဖတ်ကြည့်ရင် "ထိုအခါ မျက်စိမမြင်သောသူတို့သည် မျက်စိပွင့်လင်းကြလိမ့်မည်။ နားပင်းသောသူတို့သည် နားပင်းခြင်းမှလွတ်ကင်းကြလိမ့်မည်။ ခြေမသန်သောသူတို့သည် သမင်ကဲ့သို့ ခုန်ပေါက်ကြလိမ့်မည်။ စကားအသောသူတို့၏နှုတ်လျှာသည် သီချင်းဆိုကြလိမ့်မည်" တဲ့။ လောကမှာ ဒီလို အင်္ဂါချို့တဲ့နေကြတာပဲဖြစ်ဖြစ်၊ ကံဆိုးနေကြတာပဲဖြစ်ဖြစ် ဒါဟာ ထာဝရ ခံနေရမှာ မဟုတ်ပါဘူး။ ဆက်ဖတ်ကြည့်ရင် "ထာဝရဘုရား ကယ်နှုတ်တော်မူသောသူတို့သည် ပြန်လာ၍သီချင်းဆိုကာ ထာဝရဝမ်းမြောက်ခြင်းသရဖူကို ဆောင်းလျက် ဇိအုန်မြို့သို့ ရောက်ကြလိမ့်မည်။ ဝမ်းမြောက်ခြင်းနှင့် ရွှင်လန်းခြင်းတို့ကိုရကြ၍ ဝမ်းနည်းခြင်းနှင့် ငိုကြွေးခြင်းတို့သည် ထွက်ပြေးသွားကြလိမ့်မည်" တဲ့။ အဲဒါ ကျနော်တို့ မျှော်လင့်ချက်ပဲ၊ သေချာပေါက် ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်တယ်။ အဲလိုမျှော်လင့်နေတဲ့အချိန်မှာ ကိုယ့်ဘက်က စိတ်မပျက်မိဖို့ လိုတယ်၊ စိတ်ထိမ်းပါ။ ဘုရားကို ယုံပါ။ ဒီမျှော်လင့်ချက်က စိတ်ကူးယဥ်မဟုတ်ဘူး။ နောက်ဆုံးမှာ ကြုံကိုကြုံရမယ်။ လူ့ဘဝရဲ့နောက်ဆုံးကို ပြေးမြင်ထားပါ။ ဒီဘဝမှာပဲ လမ်းပျောက်မနေကြပါနဲ့။

လောကမှာ နေထိုင်စဥ်မှာတော့ ခံရတဲ့လူတွေက စိတ်ပျက်မိကြမယ် အားငယ်မိကြမယ်ဆိုတာ နားလည်ပါတယ်။ ယနေ့ ဘုန်းကြီး ဖတ်သွားတဲ့ ဧဝံဂေလိကျမ်းစာမှာ ထောင်ထဲကျနေတဲ့ ရှင်ယောဟန်ဗတ္တိစတားက သူ့တပည့်တော်ကို ယေဇူးဘုရားရှင်ဆီ စေလွှတ်ပြီး မေးခိုင်းပါတယ်၊ "ကိုယ်တော်ဟာ ကြွလာတော်မူတဲ့ မက်ဆီးယားကယ်တင်ရှင် ဟုတ်ရဲ့လား" တဲ့။ ယောဟန်ဗတ္တိစတားက ဒီမေးခွန်းကို မေးခိုင်းတာက သူ့အတွက် မဟုတ်ပါဘူး။ သူက ထောင်ထဲမှာ စိတ်ဓါတ်ကျနေလို့ / စိတ်မရှည်နိုင်တော့လို့ မေးခိုင်းတာ မဟုတ်ပါဘူး။ သူသိတယ် သူဟာ ထောင်ထဲမှာပဲ ဘဝနိဂုံးချုပ်တော့မယ်၊ ဒါကြောင့် သူ့တပည့်တွေကို ယေဇူးဘုရားရဲ့နောက်တော်ကို ယုံယုံကြည်ကြည်လိုက်ကြဖို့ ရည်ရွယ်ချက်နဲ့ မေးခိုင်းတာပါ။

ခရစ်ယာန်တွေရဲ့ မျှော်လင့်ခြင်းဆိုတာ စိတ်ရှည်ရှည်နဲ့ မျှော်လင့်နိုင်ရမည့် မျှော်လင့်ချက်ပါ။ ဘာဖြစ်လို့ စိတ်ရှည်ရှည်နဲ့ ကျနော်တို့ မျှော်လင့်နိုင်ကြတာလဲ သိလား၊ ယုံကြည်လို့ပေါ့။ ကိုယ် သေချာပေါက်သိထားတဲ့ဘုရားမို့လို့ စိတ်ရှည်နိုင်တာပေါ့ဗျ။ ရှင်းရှင်းလေးပဲ။ ရှင်ယောဟန်ဗတ္တိစတား ထောင်ထဲမှာပဲ ခေါင်းဖြတ်အသတ်ခံခဲ့တယ်၊ ရှင်ပေါလူး ခေါင်းဖြတ် အသတ်ခံခဲ့တယ်၊ ရှင်ပေတရုး လက်ဝါးကားတိုင်တင်ပြီး အသတ်ခံခဲ့တယ်။ ဒါတွေဟာ သေချာပေါက် မျှော်လင့်နိုင်ကြလို့ပါပဲ။

ဒီနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာမှာ ရှင်ယာကုပ် ရေးထားတာက "ညီအစ်ကိုမောင်နှမအပေါင်းတို့ သခင်ဘုရားကြွလာတော်မူသည့်တိုင်အောင် စိတ်ရှည်သည်းခံကြလော့၊ ကြည့်လော့၊ လယ်သမားသည် မိုးဦးနှင့် မိုးနှောင်းတွင် မိုးရွာချသည့်တိုင်အောင် အဖိုးတန်သောမြေထွက်သီးနှံတို့ကို စိတ်ရှည်စွာစောင့်နေတတ်၏။" တဲ့။ လယ်သမားက နွေကာလပြီးခါနီးမှာ လယ်ထဲ နောက်ချေးတွေ မြေဆွေးတွေ စချထားရပါတယ်။ မိုးကျလာပြီဆိုရင် ထယ်ထိုး၊ ပျိုးကြဲ၊ ပျိုးနှုတ်၊ ကောက်စိုက် ၊ ပေါင်းသင် စသဖြင့် အလုပ်ရှုပ်နေရပါတယ်၊ ဆောင်းရာသီရောက်မှ ပေါ်လာမည့်စပါးကို

မျှော်လင့်နေရတဲ့အချိန်မှာ ငတ်မယ်ပြတ်မယ် ပင်ပန်းမယ်ပေါ့လေ။ ဘာသာသူတို့ ဒီလိုခက်ခဲပင်ပန်းတာက ရာသက်ပန်မဟုတ်ဘူး၊ ထာဝရမဟုတ်ဘူး ဆိုတာ သိထားပါ။ ဟုတ်တယ်လေ၊ ကျနော်ပြောတာ မှားသလား။ ဆောင်းရာသီမှာ စပါးတွေ ရိတ်ကြပြီ ကောက်လှိုင်းစီးတွေ သယ်ကြပြီ မဟုတ်ဘူးလား။ စဉ်းစားပါ။ ဘယ်တော့မှ စိတ်မပျက်ပါနဲ့။

စိတ်ရှည်ခြင်းက ယုံကြည်တဲ့လက္ခဏာတစ်ခုပါပဲ။ ဘာသာသူတို့ ကျနော်တို့ ယုံကြည်တဲ့ဘုရားက "မျက်မမြင်သောသူတို့သည် မျက်စိပြန်မြင်ရပြီ၊ နားမကြားသောသူတို့သည် နားကြားကြရပြီ။ အနာကြီးရောဂါသည်တို့သည် ရောဂါပျောက်ကင်းကြပြီ" တဲ့။ (ကုန်ကုန်ပြောရရင် သေသောသူတို့သည် ပြန်ရှင်ကြပြီ - သေတဲ့လူကို ရှင်အောင် အသက်ပေးနိုင်တဲ့ဘုရား ဖြစ်တော်မူပါတယ်။ ဒါကြောင့် စိတ်မပျက်ပါနဲ့။ မျှော်လင့်ခြင်းကြီးကြီးနဲ့ ဝမ်းသာအားရ စိတ်ရှည်ရှည် နေထိုင်ကြပါစို့၊